## နိုင်ငံစုံအခြေစိုက်စီးပွားရေးလုပ်ငန်းများဆိုင်ရာကြေညာစာတမ်း (The MNE Declaration)

နိုင်ငံစုံအခြေစိုက် စီးပွားရေးလုပ်ငန်းများအတွက် စည်းမျဉ်းများနှင့် လူမှုဘဝမူဝါဒဆိုင်ရာသုံးအုပ်စု စုံညီကြေညာစာတမ်း (The Tripartite Declaration of Principles Concerning Multi-national Enterprises and Social Policy) သည် အိုင်အယ်လ်အို၏ ပြဋ္ဌာန်းမှုဖြစ်ပြီး အစိုးရများနှင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများအပြင် ကုမ္ပဏီများကိုပါ တိုက်ရိုက်ညွှန်းဆိုထားခြင်းဖြစ်သည်။

MNE Declaration သည်–

- အထွေထွေမူဝါဒများ၊ အလုပ်အကိုင်ခန့်အပ်မှု၊ သင်တန်းပို့ချမှု၊ ဘဝနှင့်အလုပ် အခြေအနေ၊ လုပ်ငန်းခွင် ဆက်ဆံရေးစသည့် အဓိကဧရိယာ(၅)ခုတွင် အကောင်းဆုံးသောလူမှုဆိုင်ရာ အပြုသဘောဆောင်သည့် သက်ရောက်မှုများ ရရှိနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်း၏ ဆောင်ရွက်မှုအပေါ် အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများ သဘောဆန္ဒတူညီမှုကို ထင်ဟပ်ပြသသည်၊
- နိုင်ငံစုံအခြေစိုက်စီးပွားရေးလုပ်ငန်းများနှင့် အစိုးရများ၏ ထူးခြားစွာ လုပ်ဆောင်နိုင်သည့် အခန်းကဏ္ဍနှင့် အလားတူ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၏ ပါဝင်လုပ်ဆောင်ပေးနိုင်သည့် နည်းလမ်းများကို အသိအမှတ်ပြုထားသည်၊
- အလုပ်နှင့် လူမှုဆိုင်ရာကိစ္စရပ်များအတွက် ကုမ္ပဏီများအားအသေးစိတ် လမ်းညွှန်ချက်ကို ပေးသည်၊
- သက်ရောက်မှုအမြင့်ဆုံးဖြစ်စေရန် အများဆိုင်ရာနှင့် ပုဂ္ဂလိကဆိုင်ရာမူဝါဒများအကြား သဟဇာတဖြစ်ရေးကို ဦးတည်ချက်ထားသည်၊
- နိုင်ငံစုံအခြေစိုက်စီးပွားရေးလုပ်ငန်းများ၊ အစိုးရများနှင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ အချင်းချင်းအကြား နှစ်ဦးနှစ်ဘက်စိုးရိမ်နေသည့် ကိစ္စရပ်များအပေါ် တွေ့ဆုံဆွေးနွေးခြင်း(Dialogue)အား တိုးမြှင့်ထားသည်၊
- အစိုးရများသည် စီးပွားရေးလုပ်ငန်း၏ အပြုသဘောဆောင်သည့် ပါဝင်လုပ်ဆောင်မှု အမြင့်မားဆုံးဖြစ်စေရန် အထောက်အကူပေးသည့် ဝန်းကျင်တစ်ခုမည်သို့ ဖန်တီးနိုင်သည်ကို ရှင်းလင်းပြသထားသည်၊

ယင်းစာတမ်းအကျဉ်းချုပ်နှင့် အပြည့်အစုံကို www.ilo.org/mnedeclaration တွင် ရယူပါ။



## အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ –အိုင်အယ်လ်အို

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်လ်အို) သည် အလုပ်လောကကမ္ဘာအတွက် ကုလသမဂ္ဂ အထူးအဖွဲ့အစည်းဖြစ်သည်။ ကုမ္ပဏီများနှင့် စီးပွားရေးများတိုးတက်ကျယ်ပြန့်စေသည့် နည်းလမ်းဖြင့် အလုပ်တွင်ရှိရမည့်အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်သော နိုင်ငံတကာစံများကို သတ်မှတ်ပေးပါသည်။ ကဏ္ဍအလိုက်၊ နိုင်ငံအလိုက်၊ ဒေသအလိုက်နှင့် နိုင်ငံတကာအဆင့်များတွင် လူမှုဆိုင်ရာ တွေ့ဆုံညှိနှိုင်းပြောဆိုမှုဖြစ်မြောက်ရေးအတွက် အထောက်အကူပေးသည့်အပြင်၊ မူဝါဒရေးရာအကြံပေးခြင်းနှင့် နည်းပညာအထောက်အပံ့ပေးခြင်းတို့ကို လုပ်ဆောင်ပေးပါသည်။

အိုင်အယ်လ်အိုသည် မိမိ၏အဖွဲ့ဝင်နိုင်ငံပေါင်း (၁၈၇)နိုင်ငံမှ အစိုးရများ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် စုစည်းထားခြင်းဖြစ်သည်။ ထူးခြားသည့်သုံးအုပ်စု၊ သုံးပွင့်ဆိုင်ဖွဲ့ စည်းပုံက တရားမျှတသော ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်အပေါ် နိုင်ငံတကာ၏သဘောဆန္ဒတူညီမှု တစ်ရပ်ဖွဲ့စည်းပေါ်ပေါက်ရေးအတွက် အလုပ်လောကတွင် တိုက်ရိုက်ပါဝင် နေကြသူတို့၏ အမြင်များအပြည့်အဝ ဆောင်ယူသွားကြောင်း သေချာစေပါသည်။

## နိုင်ငံစုံအခြေစိုက်စီးပွားရေးလုပ်ငန်းများ နှင့် စီးပွားရေးလုပ်ငန်းများနှင့် စေ့စပ်ပေါင်းစည်းရေးယူနစ် (MULTI)

နိုင်ငံစုံအခြေစိုက် စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများနှင့် စေ့စပ်ပေါင်းစည်းရေးယူနစ် (Multi- national Enterprises and Enterprise EngagementUnit- MULTI) သည် စီးပွားရေးလုပ်ငန်းများဌာန၏ အစိတ်အပိုင်းဖြစ်ပြီး ရေရှည်တည်တံ့သည့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးဂရုပြုသည်။ MULTI ဌာနသည် နိုင်ငံစုံအခြေစိုက် စီးပွားရေးလုပ်ငန်းများ ဆိုင်ရာကြေညာစာတမ်းအား ကမ္ဘာလုံးဆိုင်ရာအဆင့်နှင့် နိုင်ငံအဆင့်များတွင် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အထောက်အကူပြုသည့် မူဝါဒရေးရာအကြံပေးခြင်းနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးခြင်းတို့ကို လုပ်ဆောင်ပေးရာတွင် နိုင်ငံစုံအခြေစိုက် စီးပွားရေးလုပ်ငန်းများနှင့် အိုင်အယ်လ်အို၏ ပါဝင်မှုအတွက် အဓိကအခန်းကဏ္ဍမှ လုပ်ဆောင်သည်။ CSR (ခေါ်) စုပေါင်းလူမှုတာဝန်ယူ လုပ်ဆောင်ရာတွင် အိုင်အယ်လ်အို၏ချဉ်းကပ်ပုံဖြင့် ပေါင်းစပ်လုပ်ဆောင်ပေးပြီး အပြည်ပြည်ဆိုင်ရာ မူဝါဒများနှင့်အညီ CSR အား အလုပ်ရေးရာရှုထောင့်ဖြင့် တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခြားသော အဖွဲ့အစည်းများအား (ဥပမာ– အိုအီးစီဒီ၏ MNE Guidelines၊ UN Global Compact၊ UN Guiding Principles နှင့် ISO 26000) ပံ့ပိုးကူညီသည်။ စီးပွားရေးလုပ်ငန်းအတွက် အိုင်အယ်လ်အို၏ အကူအညီပေးရေးကောင်တာမှ ကုမ္ပဏီမူဝါဒများနှင့် လုပ်ငန်းလည်ပတ်ရေး တို့တွင် နိုင်ငံတကာအလုပ်ရေးရာစံများတွင် ပါဝင်သည့်စည်းမျဉ်းများအား ထည့်သွင်းကျင့်သုံးရန် ကြိုးပမ်းနေကြသော ကုမ္ပဏီများနှင့် တိုက်ရိုက်လုပ်ကိုင်ပါသည်။

**နိုင်ငံစုံခြေစိုက်စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများနှင့် စေ့စပ်ပေါင်းစည်းရေးယူနစ် စီးပွားရေးလုပ်ငန်းများဌာန**

**International Labour Organization**
4, route des Morillons
1211 Geneva 22, Switzerland
Tel: +41 22 799 6264
Tel: +41 22 799 6354

www.ilo.org/multi
multi@ilo.org

*ဤစာစောင်အား ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ထုတ်ဝေရေးအတွက် ဥရောပသမဂ္ဂ(European Union)မှ ရန်ပုံငွေ ပံ့ပိုးပါသည်။*

အလုပ်ရေးရာ စံသတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့် မေးခွန်းများအတွက် အဖြေကို ရှာဖွေနေပါသလား၊

International Labour Organization

# စီးပွားရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်စံသတ်မှတ်ချက်များဆိုင်ရာ အိုင်အယ်လ်အို အကူအညီပေးရေးကောင်တာ



မန်နေဂျာများနှင့် အလုပ်သမားများအတွက်

- အလုပ်သမားများ၏အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်နိုင်ရန်
- အလုပ်ဆိုင်ရာဆက်ဆံရေးများ တိုးတက်လာစေရန်
- လူ့အခွင့်အရေးနှင့် လူမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပါဝင်ရန်

တစ်ထိုင်တည်း ဝန်ဆောင်မှု (One-stop Shop) ဖြစ်ပါသည်။

## စီးပွားရေးလုပ်ငန်းများအတွက် အိုင်အယ်လ်အိုအကူအညီပေးရေးကောင်တာ

အိုင်အယ်လ်အို၏ အကူအညီပေးရေးကောင်တာ (ILO Helpdesk) က စီးပွားရေးလုပ်ငန်း လည်ပတ်ရာတွင် နိုင်ငံစုံအခြေစိုက် စီးပွားရေးလုပ်ငန်းများဆိုင်ရာ ကြေညာစာတမ်း (MNE Declaration)ပါ စည်းမျဉ်းများနှင့်ကိုက်ညီစွာ လုပ်ဆောင်နိုင်ရေးအတွက် အကြံပေးပါသည်။ အကူအညီပေးရေးကောင်တာသည် တစ်ဦးချင်းစီထံမှ သီးခြားအသေးစိတ်မေးမြန်းလာမှုများကို ကူညီဝန်ဆောင်မှုပေးသည့်အပြင် စီးပွားရေးလုပ်ငန်းများအတွက် အိုင်အယ်လ်အို၏ အထောက်အကူပြုပြဋ္ဌာန်း၊ ရေးသားချက်များနှင့် မှီငြမ်းရန် အရင်းအမြစ်များဖော်ပြထားသည့် ဝက်ဘ်ဆိုက်တစ်ခုကိုလည်း စီစဉ်ပေးထားပါသည်။

အခြားသောကုမ္ပဏီများက မေးမြန်းလာသည့်ကိစ္စရပ်များအား သိရှိလိုပါသလား၊
ဝက်ဘ်ဆိုက်ရှိ ပြဿနာများ၏ အမေး၊ အဖြေကဏ္ဍအား ကြည့်ရှုလိုက်ပါ။

အိုင်အယ်လ်အို၏ ပြဋ္ဌာန်းချက်များနှင့်အကြံပြုတိုက်တွန်းချက်များအား ကျင့်ဝတ်စည်းမျဉ်း (Code of Conduct) အများစုတွင် အလုပ်ဆိုင်ရာအပိုင်းကဏ္ဍ၌ အဓိကကျသည့် နိုင်ငံတကာ ရည်ညွှန်းချက်များအဖြစ် အသုံးပြုလာကြပြီး၊ ကုမ္ပဏီအလိုက်ဖြစ်စေ၊ လုပ်ငန်းကဏ္ဍအလိုက်ဖြစ်စေ၊ ပါဝင်သက်ဆိုင်သူအစုံအလင်တို့သည် မိမိတို့၏ ကုန်စည်ပေးသွင်းမှုအစဉ်တန်းများ အပါအဝင် ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းလည်ပတ်မှုများအား ကုမ္ပဏီများက စီမံခန့်ခွဲရာတွင် ပြုပြင်ပြောင်းလဲမှု ဖြစ်စေပါသည်။

OECD Guidelines for Multinational Enterprises ၊ UN Business and Human Rights Guiding Principles ၊ UN Global Compact အစရှိသည့် တာဝန်ယူသော၊ ရေရှည်တည်တံ့သောစီးပွားရေးအတွက် အခြားသော နိုင်ငံတကာစံ သတ်မှတ်ချက်များတွင်လည်း နိုင်ငံစုံအခြေစိုက် စီးပွားရေးလုပ်ငန်းများဆိုင်ရာ ကြေညာစာတမ်း (MNE Declaration)နှင့် အပြည် ပြည်ဆိုင်ရာ အလုပ်ရေးရာစံ သတ်မှတ်ချက်များအား ထည့်သွင်းဖော်ပြထားပါသည်။

စည်းမျဉ်းများအတိုင်း လက်တွေ့အထမြောက်စေရန် မည်သို့လုပ်ဆောင်ရမလဲ၊
ပိုမိုသိရှိရန် အကူအညီပေးရေး ကောင်တာ အားအသုံးပြုလိုက်ပါ။

## ကျွမ်းကျင်သူများအဖွဲ့

အိုင်အယ်လ်အို၏ အကူအညီပေးရေးကောင်တာ ကျွမ်းကျင်သူများအဖွဲ့သည် ကုမ္ပဏီများအနေဖြင့် အစိုးရများ၏ တာဝန်ယူမှုအပိုင်းကို ရှင်းရှင်းလင်းလင်းနားလည်စေပြီး မိမိတို့လုပ်ငန်းလည်ပတ်မှုများတွင် အပြည်ပြည်ဆိုင်ရာစံ သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေးအတွက် သိလိုသည့်မေးမြန်းချက်များကို ဖြေကြားပါသည်။
မေးခွန်းအများစုသည် ကုမ္ပဏီမန်နေဂျာများ သို့မဟုတ် အလုပ်သမားများထံမှ ရရှိခြင်းဖြစ်ပြီး၊ ၎င်းတို့၏အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အများပြည်သူ ဆိုင်ရာဝယ်ယူရေးပိုင်း ကျွမ်းကျင်သူများ၊ အလုပ်ရှင်အဖွဲ့အစည်းများက ထိုဝန်ဆောင်မှု– အမေးအဖြေ– အား အသုံးပြုကြပါသည်။
ဝန်ဆောင်မှုမှာ အခမဲ့ဖြစ်ပြီး၊ လုံခြုံစိတ်ချရပါသည်။ အသုံးပြုသူ၏ ကိုယ်ပိုင်သတင်း အချက်အလက်အား အပြည့်အဝ ကာကွယ်စောင့်ရှောက်မှုပေးကာ တင်ပြလာသည့် ပြဿနာနှင့် ပြန်လည်ဖြေဆိုချက်များကို ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်းဖြစ်ရာ အလားတူစိမ်ခေါ်ချက်များနှင့် ရင်ဆိုင်နေကြရသည့် အခြားသောကုမ္ပဏီများအတွက် အကျိုးရှိစေပါသည်။
ကျွမ်းကျင်သူများအဖွဲ့သည် အချိန်ယူဖြေကြားရန်လိုအပ်သော ထူးခြားသော ရှုပ်ထွေးဖြစ်စဉ်မဟုတ်လျှင် ပုံမှန်အားဖြင့် အလုပ်လုပ်ရက်(၁၀)ရက်အတွင်း အကြောင်းပြန်ကြားပါသည်။
လမ်းညွှန်ချက်များသည် အိုင်အယ်လ်အို၏ ပြဋ္ဌာန်းမှုများကိုသာ အခြေခံထားပါသည်။ အိုင်အယ်လ်အို၏ အကူအညီပေးရေးကောင်တာမှ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းဥပဒေပါ တာဝန်ရှိသည်များကိုဖော်ထုတ်မည်မဟုတ်ပါ၊ ဥပဒေအကြံပေးမည်မဟုတ်ပါ၊ ကုမ္ပဏီ၏စွမ်းဆောင်မှုများကို ထောက်ခံချက်ပေးခြင်းမျိုး မပြုလုပ်ပါ။

မေးမြန်းလိုသည်များရှိပါသလား၊ assistance@ilo.org သို့မဟုတ် တယ်လီဖုန်း အမှတ် +41-22-799-6264 သို့ ဆက်သွယ်လိုက်ပါ။

## ဝက်ဘ်ဆိုက်

စီးပွားရေးလုပ်ငန်းအတွက် အိုင်အယ်လ်အို၏ အကူအညီပေးရေးကောင်တာ၏ ဝက်ဘ်ဆိုက်သည် စီးပွားရေးလုပ်ငန်းများအတွက် ဆီလျော်သည့် အိုင်အယ်လ်အို သတင်းအချက်အလက်များအတွက် ဂိတ်တံခါးဝ ဖြစ်ပါသည်။

- အလုပ်ရေးရာပြဿနာများ၏အတိုင်းအဆအပေါ် ရှုမြင်ချက်ပေးသည်၊
- ကုမ္ပဏီများအတွက် အိုင်အယ်လ်အိုက ဖော်ထုတ်ထားသည့် လက်တွေ့ အသုံးချနိုင်မှုများနှင့် အရင်းအမြစ်များအား စုစည်းပေးထားသည်၊
- ကျွမ်းကျင်သူများအဖွဲ့၏ ပြန်ကြားစာများအား အစီအစဉ်တကျ ခေါင်းစဉ်ခွဲကာ ဖော်ပြထားသည်၊
- အိုင်အယ်လ်အို၏လှုပ်ရှားမှုများ၊ အစည်းအဝေးများ၊ အင်တာနက်အွန်လိုင်း အစည်းအဝေးများ၊ သင်တန်းများ ကျင်းပမည့် သတင်း အချက်အလက်များအား ကြော်ငြာပေးထားသည်၊

www.ilo.org/business တွင် လေ့လာနိုင်ပါသည်။

## စကားပြောဆိုကြပါ – ဘက်မလိုက်သည့်နေရာတစ်ခုပါ

နိုင်ငံစုံအခြေစိုက် စီးပွားရေးလုပ်ငန်းများဆိုင်ရာ ကြေညာစာတမ်း (MNE Declaration) ၏ အရင်းခံဖြစ်သည့် တွေ့ဆုံပြောဆိုခြင်း (Dialogue) နည်းစနစ်အား ပံ့ဖော်သည့်အစိတ်အပိုင်းအဖြစ် အိုင်အယ်လ်အို၏နည်းစနစ်ပံ့ပိုးမှုအား အသုံးပြုလိုသောကုမ္ပဏီများ၊ အလုပ်သမားသမဂ္ဂများသည် ဘက်မလိုက်သောနေရာတစ်ခုအဖြစ် နှစ်ဦးနှစ်ဘက်စိုးရိမ်မကင်းရှိသည့် ကိစ္စရပ်များအား ဆွေးနွေးလိုပါက အိုင်အယ်လ်အို၏ အကူအညီပေးရေးကောင်တာ assistance@ilo.org သို့ ဆက်သွယ်လိုက်ပါ။

